# ယေရှုသည်ကယ်တင်ရှင်

ဘုရားသခင်သည် လူကိုဖန်ဆင်းစဉ်အခါက အသက်ဝိညာဉ်ကို လူ့အတွင်း၌ ထည့်ပေးခဲ့ပါသည်။ တိရစ္ဆာန်များ၌မူ ဝိညာဉ်မရှိသလို ကိုးကွယ်ဝတ်ပြုတတ်ခြင်းလည်းမရှိပေ။ အခက်အခဲများကြုံတွေ့ရစဉ်ခါ၌လည်း ဆုတောင်းကိုးစားရာ မရှာတတ်ချေ။ ထို့ကြောင့် ဝိညာဉ်လောကနှင့်ထိတွေ့ဆက်ဆံနိုင်ခြင်းမရှိပေ။ လူသားများကမူ အခက်အခဲအန္တရာယ်တွေ့ရသောအခါ ဘုရားတရားတတတ်သည်။ ကိုးကွယ်ရာကိုယ်စီရှိတတ်ကြသည်။ မိမိ၏လိုအပ်မှုအတွက် ရုပ်တုဆင်းတုများကို ဖန်တီးပြီး ဘာသာတရားများကိုယ်စီဖြစ်ကုန်ကြသည်။ ထို့ကြောင့် မည်သူက ဘုရားစစ်၊ ဘုရားမှန်နည်း၊ မည်သည်က လူ့လက်ဖြင့်ဖန်တီးခံရပြီးဖြစ်ပေါ်လာသော ဘာသာတရားပေနည်း။ ကျွန်ုပ်တို့အားလုံး ရိုးသားသောစိတ်နှလုံးသားဖြင့် အတူတကွလေ့လာကြပါစို့။

## (၁) ဘာသာတရားကိုဖြစ်ပွားစေသူသည် ဘုရားမဟုတ်။

ဘာသာတရားတစ်ခုကို ဖြစ်ပွားစေသူသည် ဘုရားမဟုတ်၊ သာမန်လူသားမျှသာဖြစ်သည်။ အချို့သူများသည် လောကီကာမဂုဏ်ကို ငြီးငွေ့ပြီး သမ္မာတရားကို ဆာငတ်ရှာဖွေ၍ ကျင့်ကြံအားထုတ်ကြသော်လည်း နောက်ဆုံးသေဆုံးခြင်း၌သာ အဆုံးသတ်ကြရလေ



သည်။ အချို့ဘာသာတရားကို ဖြစ်ပွားစေသူများကလည်း မိမိကိုယ်ကိုဘုရားဟု မဝန်ခံခဲ့ကြပါ။ ထို့ကြောင့် လူသားများဖြစ်ကြသည့်အတိုင်း သေခြင်းတရားကို မလွန်ဆန်သလို မိမိကိုယ်ကို လွတ်မြောက်ရန်လည်း မကယ်နိုင်ပါ။

ယေရှုခရစ်တော်တစ်ပါးတည်းကသာ ဘုရားဖြစ်ပါသည်။ ဘုရားဖြစ်ဘို့အရေး ကြိုးပမ်းအားထုတ်ဘို့လည်းမလိုပါ။ ယေရှုခရစ်၌ သန့်ရှင်းခြင်း၊ ဖြောင့်မတ်ခြင်း၊ မေတ္တာဂရုဏာနှင့်ပြည့်ဝခြင်းတို့ စုံလင်ပြီးဖြစ်သည်။

သမ္မာကျမ်းစာ၌ ထိုနှုတ်ကပတ်တော်(ယေရှုခရစ်တော်)သည် ခပ်သိမ်းသောအရာတို့ကိုဖန်ဆင်းတော်မူ၏။ ဖန်ဆင်းတော်မူခြင်းနှင့်ကင်းလွတ်လျက်ဖြစ်သောအရာတစုံတခုမျှမရှိ (ယော၊၁း၃)။ ယေရှုခရစ်က သမ္မာတရားကိုလိုက်လံရှာ ဖွေနေစရာမလိုပါ။ အကြောင်းမှုကား ယေရှုခရစ်ကိုယ်တိုင်က သမ္မာတရားဖြစ်တော်မူ၏။ သမ္မာကျမ်းစာ၌ဖော်ပြသည့်အတိုင်း ယေရှုက ငါသည်လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏။ ငါ့ကိုအမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့မရောက်ရ (ယော၊၁၄း၆)ဖြစ်ပါသည်။

(၂) လူသည်မိမိကိုယ်ကိုမကယ်နိုင်။

ယနေ့တည်ရှိသောဘာသာတရားတိုင်း လူကို သွန်သင်ခြင်းနှင့်မကင်းချေ။ ကောင်းမှုပြုတတ်ဘို့ အဓိကသွန်သင်တတ်ကြသည်။ ယေရှုခရစ်တစ်ပါးတည်းကသာ "သွန်သင်ခြင်း"ထက် "ကယ်တင်ခြင်း"အမှုကို အဓိကလုပ်ဆောင်ပေသည်။ ယေရှုခရစ်တော်ကသာ "ကယ်တင်ရှင်ဘုရား"ဖြစ်တော်မူ၏။ လူမှဖြစ်ပွားသောဘာသာတရားသည် လူ့ဇာတိ၏ယိုယွင်းခြင်းကို မပြောင်းလဲစေနိုင်ဘဲ ဘုရားထံမှ လာသောကယ်တင်ခြင်းကျေးဇူးအားဖြင့်သာ ပြောင်းလဲခြင်းများပြုနိုင်ပေသည်။ မည်သည့်အတန်းအလွှာတန်းစားမှ လူမဆို တကိုယ်ကောင်းဆန်ခြင်း၊ မောက်မာခြင်း၊ မုန်းတီးခြင်း၊ လှည့်ဖြားတတ်ခြင်း၊ မာန်သိုခြင်း၊ လောဘရမက်ကြီးခြင်း၊ ဟန်ဆောင်ခြင်း၊ ညစ်ညူးခြင်းများနှင့်မကင်းပါ။ ထို့ကြောင့်လည်း လူသားများ အသက်ရှင်ရာနေရာတိုင်းတွင် ကြီးနိုင်ငယ်ညှင်းခြင်းအမှုများ၊ ငြူစူဝန်တိုခြင်း၊ ပြိုင်ဆိုင်ခြင်းများကို တွေ့နေရသည်ဖြစ်ရာ လူတိုင်းလူတိုင်းတွင် အမှားမကင်းနိုင်ဖြစ်နေကြကြောင်း ဝန်ခံကြရပေမည်။

(၃) ယေရှုသာလျှင်ကယ်တင်ရှင်။

မှန်ပါသည်။ လူတိုင်းလူတိုင်း အမှားကိုယ်စီရှိကြသည်။ မည်သည့်နေရာ ဒေသတွင်မဆို အကောင်းဆုံးသောဥပဒေများရှိသော်လည်း ဒုစရိုက်သမားများကမူ ယိုပေါက်စိမ့်ပေါက်ရှာကာ



ကျူးလွန်နေကြဆဲဖြစ်ပေသည်။ ယနေ့လူသားများအနေဖြင့် အကောင်းအဆိုးခွဲခြားနိုင်ရန်ထက် အပြစ်တရား၏ချည်နှောင်မှု၊ လွှမ်းမိုးမှုကို ထိုးဖောက်ကျော်လွှားဘို့ရန်လိုအပ်နေသည်။ လူသားများ၏အခြေအနေမှာ သမ္မာကျမ်းစာလာသည့်အတိုင်း *ငါ့အထဲမှာ ငါ့ဇာတိပကတိ၌ကောင်းသောအရာတစုံတခုမျှ မတည်သည်ကို ငါသိ၏။ အကြောင်းမူကား ငါသည်ကျင့်ချင်သောစိတ်ရှိသော်လည်း ကောင်းစွာကျင့်တတ်သောအခွင့်ကိုရှာ၍မတွေ့နိုင်* (ရောမ၊ ၇း၁၈) ဖြစ်ပေသည်။ ခပ်သိမ်းသောအရာကိုသိတော်မူသော ဘုရားသခင်သည် ကျွန်ုပ်တို့၏အခြေအနေကိုသိနားလည်တော်မူသည်ဖြစ်ရာ ကယ်တင်ရန်အလို့ငှာ ယေရှုခရစ်ကိုလောကသို့စေလွှတ်၍ ကားတိုင်၌အပြစ်တရား၏ချည်နှောင်ခြင်းကို ချိုးဖျက်ခဲ့လေသည်။ သုံးရက်မြောက်သောနေ့တွင် ရှင်ပြန်ထမြောက်တော်မူသောထိုအရှင်သည် ယုံကြည်လက်ခံသူအယောက်စီတိုင်းကို ထာဝရအသက်နှင့်တကွ မာရ်နတ်ကိုအောင်နိုင်သော အသက်တာကိုပေးမည်ဖြစ်သည်။

ဥပမာအနေဖြင့် ရေမကူးတတ်သေးသည့် သူငယ်တစ်ယောက် မတော်တဆ ပင်လယ်ထဲသို့ကျသွားသည်ဆိုပါစို့။ ထိုစဉ် ဆရာတစ်ဦးက *ပြောစကားနားမထောင်ဘဲဆော့တာကိုး၊ ခုတော့ ပြုတ်ကျပြီ၊ ကောင်းတယ်၊ ခံပေတော့*ဟု ပြစ်တင်ပြောဆိုလေ၏။ ထိုနောက် ရေကူးသင်ဆရာတစ်ဦးကလည်း ကမ်းပေါ်မှနေ၍ မည်သို့

ကျွန်တော်/မ အားပေးသနားတော်မူပါ။ ကျွန်တော်/မ တသက်တာလုံးကို ကိုယ်တော့်လက်ထဲအပ်နှံပါတယ်။ ကျွန်တော်/မကို ကယ်တင်တော်မူသောကြောင့် ကျေးဇူးတော်ကိုချီးမွမ်းပါတယ်။ ယေရှုဘုရား၏နာမတော်၌ ဆုတောင်းပါ၏။ အာမင်း.....

------ ။ ------


Title: Blessings
Writer: Elder Samuel Ching

Nvem 2006 30000 Copies

Myanmar Everyhome for Christ
GPO Box 385
Yangon . Myanmar

စောင်ရေ - ၃၀၀၀၀
အောက်တိုဘာလ၊ ၂၀၀၆ခုနှစ်

(အသင်းတော်တွင်းကန့်သတ်)






# ယေ ရှု သည် -
# ကယ်တင်ရှင်

မည်ပုံရေကူးဘို့သင်ပေးသော်လည်း အကျိုးမထူးပေ။ နောက်ဆုံးတွင်မူ ကလေးကိုသနားသောလူတစ်ယောက်က ပင်လယ်ထဲသို့ ခုန်ဆင်းကာ ကလေးကိုရေနစ်နေရာမှကယ်တင်လိုက်လေတော့၏။

(၄) ကိုယ်တော်မှလွဲ၍အခြားကယ်တင်ရာမရှိ။

ချစ်သောမိတ်ဆွေ၊ ယေရှုခရစ်တော်က အပြစ်နွံထဲတွင် နစ်မြုပ်နေသော ကျွန်ုပ်တို့ကို ကယ်တင်ရန်အလို့ငှာ လောကသို့ ကြွရောက်ခဲ့လေ၏။ ဤကယ်တင်ခြင်းသည် လူ့အကြံအစည်အားဖြင့် မဟုတ်ဘဲ ဘုရားသခင်ထံပါးမှလာခြင်းသာ ဖြစ်ပါသည်။ ဤကမ္ဘာလောကတွင် ယေရှုခရစ်မှလွဲ၍ကယ်တင်ရာအခြားမရှိပါ။ ကျမ်းစာတော်မြတ်၌ *ထိုသခင်၏နာမတော်မှတပါး ငါတို့ကိုကယ်တင်နိုင်သောနာမ တစုံတခုမျှကောင်းကင်အောက်လူတို့တွင် မပေါ်မရှိ* (တမန် ၄း၁၂)။

ဟုတ်ပေ၏။ ယေရှုခရစ်တပါးတည်းသာ ကယ်တင်ရှင်ဖြစ်တော်မူပြီး ဘုရားသခင်၏တရားစီရင်ခြင်းခံရမည့်ဘေးမှ ကယ်တင်တော်မူ၏။ ထို့ပြင် ယနေ့အသက်တာတွင်လည်း မာရ်နတ်တန်ခိုးလက်မှ၄င်း၊ သေခြင်းတရားလက်မှ၄င်း၊ အပြစ်တရား၏လွှမ်းမိုးမှုလက်မှ၄င်း၊ ကယ်တင်ခြင်းအမှုကိုပြုတော်မူ၏။ တသက်တာပတ်လုံးကောင်းချီးမင်္ဂလာခံစားရပေမည်။



သို့ဆိုလျှင်၊ အဘယ်သို့ပြုမှ ယေရှုခရစ်တော်ကို ကယ်တင်ရှင်အဖြစ် လက်ခံနိုင်မည်နည်း။ ငွေကြေးဥစ္စာတပြားတချပ်မျှမကုန်ရ၊ အကျင့်သီလကြိုးစားအားထုတ်မှုကို ကိုးစားရန်လည်း မလိုဘဲ ယေရှုခရစ်ကိုစိတ်နှလုံးသားမှန်ကန်စွာဖြင့် လက်ခံယုံကြည်ပြီး အောက်ပါဆုတောင်းချက်ကို နှုတ်ထွက်တောင်းလျှောက်ရုံဖြင့်ရရှိနိုင်ပေမည်။ သန့်ရှင်းသောဝိညာဉ်က သင့်စိတ်နှလုံးထဲတွင် ထာဝရကိန်းဝပ်လျက် ဘုရားပေးသောအသက်တာသစ်ကို ပိုင်ဆိုင်ရရှိမည်ဖြစ်သည်။ ထို့ပြင် အပြစ်လွှတ်ခံရသောကြောင့် စိတ်နှလုံးငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်ခြင်းဆုကျေးဇူးကိုလည်း ခံရမည်ဖြစ်တော့သည်။

*အောက်ပါဆုတောင်းစကားကို အသံထွက် တောင်းလျှောက်နိုင်ပါသည်။*

*သခင်ယေရှုဘုရား၊ ကျွန်တော်/မဟာ အပြစ်သားဖြစ်တယ်ဆိုတာ ဝန်ခံပါတယ်။ ကျွန်တော်/မတသက်တာ ကျူးလွန်မိသောအပြစ်ဒုစရိုက်များကို ခွင့်လွှတ်တော်မူပါ။ ကိုယ်တော့ကို (ယေရှုခရစ်ကို) ကျွန်တော်/မရဲ့ ကယ်တင်ရှင်အဖြစ် လက်ခံယုံကြည်ပါတယ်။ ကျွန်တော်/မရဲ့စိတ်နှလုံးထဲသို့ဝင်ရောက်ကိန်းဝပ်တော်မူပါ။ သန့်ရှင်းသောဝိညာဉ်တော်ဘုရားနဲ့ ကိုယ်တော်ရဲ့အသက်တာကို*